ဆိုတော့ နိစ္စလား အနိစ္စလား။ အနိစ္စ မမြဲခြင်းတရားသည် ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့ တရားလား။ ဆင်းရဲတဲ့တရားကို သုခလို့ခေါ်မလား ဒုက္ခလို့ခေါ်မလား။ ဤဒုက္ခတရားကို ပိုင်သူ ရှိရဲ့လား။ သတ္တဝါ အလိုသို့ လိုက်ရဲ့လား။ အကြိုက်သို့ ပါရဲ့လား။ အနတ္တလို့ မပောလား။ အနိစ္စ ဒုက္ခ အနတ္တ တွေ့တယ်။ ကဲ အနိစ္စတရား နဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား။ ဒုက္ခတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား။ အနတ္တတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား။ တီရဏ ပရိညာလို့ မပောဘူးလား။

နာမ်ရုပ်ကို တွေ့တဲ့အခါ ညီတော်အာနန္ဒာ တွေ့သေးရဲ့လား။ သားတော်ရာဟုလာ တွေ့သေးရဲ့လား။ ဉာတပရိညာ။ ကဲ နာမ် ရုပ်ပဲ တွေ့တယ်နော်။ ကဲ အနိစ္စ ဒုက္ခ အနတ္တတွေ့တဲ့အခါ နာမ်ရုပ် တွေ့သေးရဲ့လား။ တီရဏပရိညာ- တီရဏပရိညာနော်။ အနိစ္စ ဒုက္ခ အနတ္တ စုလိုက် တော့ ဖြစ်ပျက်လို့ မပောလား။ ဘာသစ္စာလဲ။ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရားလား။ ဆင်းရဲ တယ် လို့ အမှန်သိတာ ယထာဘူတဉာဏ်။ အမှန်သိပြီနော်။ ကဲ... ဆင်းရဲတာ လွဲလို့ ခန္ဓာမှာ ရှိသေးရဲ့လား။ နေ့စဉ်နဲ့တကွ အခု ခန္ဓာရတဲ့ ပုဂ္ဂိုလ် အိုနာသေ လွတ်ကဲ့လား။ ဘာသစ္စာလဲ။ ချမ်းသာတဲ့ တရားနဲ့ နေတာလား။ ဆင်းရဲတဲ့ တရားနဲ့နေတာလား။ ဆင်းရဲတဲ့တရား နဲ့နေတာ နော်။ အမှန်သိတော့ အမှား မပျောက်လား။

ဒုတိယဆက် ကြိုးစားကြည့်။ ဖြစ်ပျက်ပဲ မတွေ့လား။ ဘာသစ္စာလဲ။ ဒုတိယကျတော့ အသိ ဉာဏ်က ရင့်မလာဘူးလား။ ရင့်တော့ ခန္ဓာက လွတ်ချင်တဲ့စိတ်တွေ မပေါ်လား။ ကျွတ်ချင်တဲ့ စိတ်တွေ မပေါ်လား။ နိဗ္ဗိန္ဒဉာဏ်လို့ မပောဘူးလား။ လောကကြီးကို ပျင်းမုန်းပြီကွဲ့။ အပြော အဆို အနေ အထိုင်တွေ အခါတိုင်းနဲ့ တူရဲ့လား။ တစ်မူထူးခြားပြီးတော့ မနေလားဟေ့။ နိဗ္ဗိန္ဒဉာဏ်ကွဲ့။

တတိယဆက် ကြိုးစားကြည့်။ ဖြစ်ပျက်ပဲမတွေ့လား။ ဘာသစ္စာလဲ။ ဒုက္ခသစ္စာနော်။ ခြေအစ ခေါင်း အဆုံး တစ်ကိုယ်လုံး ရှာချင်သလိုရှာ သုခဆိုတဲ့တရား အပ်ဖျား တစ်ထောက်စာမျှ တွေ့ရဲ့ လား။ အပ်ဖျား တစ်ထောက်စာမျှ သုခ မတွေ့တာ။ ရှိလို့လား။ မရှိလို့လား။ မရှိ...ဒုက္ခအတိလို့ မပိုင်းခြား လား။ ပိုင်းခြားလိုက်တဲ့ တချိန် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သီလ မဂ္ဂင်သုံးပါး မဝင်လား။ ရှုဉာဏ် ငါးပါးနဲ့ ပေါင်းတော့ ရှစ်ပါးမပြည့်လား။ ရှစ်ပါးပြည့်တဲ့အခါ လောကုတ္တရာလို့ မပောလား။ ကဲ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် ဘာတွေပယ်တာလဲ စိစစ်ဖို့ မကောင်း လား။ အနုသယ ကိလေသာ ပယ်တာ။ ဘယ်အနုသယလဲ မေးဖို့ မကောင်းလား။ ဒိဋ္ဌိဝိစိကိစ္ဆာ ဆိုတဲ့ အနုသယ ကိလေသာ ပယ်တော့ ပရိယုဋ္ဌာန မနောကံ လာသေးရဲ့လား။ မနောကံ မလာ ဝီတိက္ကမ ကာယကံ ဝစီကံ လာသေးရဲ့လား။ မလာရင် အပါယ်သွားတဲ့ ကံတွေ မကုန်လား။ အပါယ်ခန္ဓာ ဇာတ် မသိမ်း လား။ ပဟာန ပရိညာလို့ မပောလား။ ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ။ ဤဉာဏ်

သုံးဉာဏ် ရတဲ့ပုဂ္ဂိုလ် အနမတဂ္ဂသံသရာက စလို့ ပါဏာတိပါတာကံနဲ့ အသက်မွေးခဲ့တာ၊ အဒိန္နာကံနဲ့ အသက်မွေးခဲ့တာ၊ ကာမေသုမိစ္ဆာစာရကံနဲ့ အသက်မွေးခဲ့တာ၊ မုသာဝါဒကံနဲ့ အသက်မွေးခဲ့တာ၊ သုရာမေရယကံနဲ့ အသက်မွေးခဲ့တာ၊ အကုသိုလ်ကံဟောင်း ကြွေးဟောင်း အနန္တ အကျိုးပေးခွင့် ရသေးရဲ့လား။ အကုန်လုံး အဟောသိကံ ဖြစ် မသွားလား ဟဲ့။ ဤနေရာရောက်အောင် ကြိုးစားအားထုတ်ကြနော်။ ဤဉာဏ်သုံးဉာဏ်ရမှ ကြွေးကျေမယ်။ ကြားလား။ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်ရလို့ ဆက်ပြီးတော့ ကြိုးစားမယ်ဆိုရင် ဓမ္မဒိန္နာ ကဲ့သို့...... တစ်ဘဝနဲ့ ကိစ္စပြီးတယ်။ ကြားလား။ အဲလို...စိစစ်ဖို့မကောင်းလား။

ကဲ...ထိဆဲခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာပါဘုရား။) သိတာက ---။(မဂ္ဂသစ္စာ ပါဘုရား။) သေတာက ----။ (သမုဒယသစ္စာပါဘုရား။) နောက်ခန္ဓာမလာတာ ...။(နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ...။ (လေးကွက်ရှိပါတယ် ဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါ ဘုရား။) ငါး လေးလီ...။ (နှစ်ဆယ်...။) ဤရှစ်သွယ်ကို ...။

(အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

သာဓု ......... သာဓု ......... သာဓု။

.........................................................................................................

အမေးအဖြေ ။ ။ ယောဂီတွေ မေးထားတဲ့မေးခွန်းရှိပါတယ်ဘုရား။

မေးခွန်းတစ်ခုက တရားရှုသည့်အခါတွင် နှာသီးဖျားမှ ဝင်လေထွက်လေကို သတိပြု၍နေစဉ် ဘယ်အရာ ဘယ်ကဲ့သို့ နှလုံးသွင်းရပါမလဲဘုရား။

တရားမနာဘူး ဘူး...ထင်တယ်။ထိသိ သတိလို့ မဟောဘူးလား။စဉ်းစားကြည့်။ ထွက်တာသိ ဝင်တာသိလို့ မဟောဘူးလား။ဒါတော့ ဝင်တယ်ဆိုတာ ထိပြီးကာမှ ဝင်တာ။ အကြည်ဓာတ် မရှိရင် သိပ့်ါမလား။ ကဲ သူတွေ ငါတွေလား ဝါယောဓာတ် ထွက်တာလည်း ထိပြီးကာမှ မထွက်ဘူးလား။ သူတွေငါတွေလား ဝါယောဓာတ်။ ဝါယောဓာတ်လို့ သိတာ သူငါလား ကာယ ဝိညာဏ်။ ကာယဝိညာဏ်က နာမ်တရား မရလား။ ဝါယောဓာတ်က ရုပ်တရား မရလား။ နာမ်ရုပ်နှစ်ပါး ပေါ့။

တနည်းတကြောင်း လေဓာတ်အောင်းသော် ပိန်ဖောင်းမှုယာ ဖြစ်ပေးလာက ပိန်ခါခွက်ဝင် ဝါယောထင်အောင် ဉာဏ်အမြင်စိုက် သတိပိုက်၍ ပိန်တာမမြဲ ပိန်ဆင်းရဲ ပိန်တာထဲ ငါမပါ။ ဝါယောဓာတ်လို့ သိစမ်းပါ။ လူလား ဝါယောဓာတ်။ နှာခေါင်းလား ဝါယောဓာတ်လား။ ကိုယ်ကောင်ကြီး လား ဝါယောဓာတ်။

ဖောင်းဖောင်းကြွကြွ ဖြစ်ပေါ်လာက ဖောင်းကြွကိုပင် ဝါယောထင်အောင် ဉာဏ်ယှဉ်သောအား သတိထား၍ ဖောင်းတာမမြဲ ဖောင်းဆင်းရဲ ဖောင်းတာထဲ ငါမပါ။

ပါးလား ဝါယောဓာတ်။ ပါးဖောင်းတာလား ဝါယောဓာတ်။ ဗိုက်ဖောင်းတာလား ဝါယောဓာတ်။ ဝါယောဓာတ်လို့ သိစမ်းပါ။ ဝါယောက ပရမတ်၊ပါးက ပညတ်။ ဝါယောက ပရမတ်၊ ဗိုက်က ပညတ်။ ကြားလား။ဝါယောဓာတ်လို့ သိတော့ကာ သိတာလေးက ကာယဝိညာဏ် နာမ်တရား မရလား။ ဝါယောက ရုပ်တရား မရလား။ နာမ်ရုပ်နှစ်ပါး။ တရားမနာဘူးဘဲကိုး။

ကဲ ဆုံးတော့မှာ မဟုတ်ဘူး၊ နားဦး...တော်ပြီ။ အခု ဟောတာ ဒကာကြီး... ဘုန်းကြီး တရား မသိဘဲကိုး။ ပြီးသွားပြီ မဟုတ်လား။ နားပါစေဦးဟေ့ နားမလည်ပါလား။ ဒီထဲမှာ စုံနေပါပြီ တကား။ ဒီထဲမှာ မရိပ်မိသေးဘူး။